# MEDICAL TRAVEL



# in TAIWAN

## ကုသမှုခံယူပုံအဆင့်ဆင့်




### ထိုင်ဝမ်နိုင်ငံတကာဆေးဝါးကုသမှုအားယေဘုယျမိတ်ဆက်ခြင်း

ထိုင်ဝမ်၏ကောင်းမွန်လှသောကုသမှုဆိုင်ရာဝန်ဆောင်မှုနှင့်ကျန်းမာရေးအာမခံဝန်ဆောင်မှု
သည်
ကမ္ဘာတဝန်းလုံး၏လေးလေးနက်နက်အသိအမှတ်ပြုခံရပြီးဖြစ်သည်။ယခုနှစ်များအတွင်း
တွင်National Geographic Channel အပါအဝင်The New York Times ၊ Time Magazine နှင့်CNN အစရှိသော နိုင်ငံတကာ
သတင်းမီဒီယာများတွင်ထိုင်ဝမ်နိုင်ငံ၏
ဆေးဘက်ဆိုင်ရာအောင်မြင်မှုများအကြောင်းကိုအထူးခေါင်းစဉ်ဖြင့်ဖော်ပြခဲ့ကြသည်။ 2014 ခုနှစ်တွင် 《The Richest》 မှထိုင်ဝမ်အား
ကုသစောင့်ရှောက်ရေးတွင်
ကမ္ဘာ့နံပတ်တစ်ဖြစ်ကြောင်းသုံးသပ်ခဲ့သည်။

---


ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန နိုင်ငံတကာဆေးဘက်ဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့

ထိုင်ဝမ်နိုင်ငံတကာဆေးကုသမှုဝက်ဘ်ဆိုက် : www.medicaltravel.org.tw

ဖုန်း : +886-2-2885-1528



ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနကြော်ငြာ။ | AD BY MOHW


## အဘယ်ကြောင့်ထိုင်ဝမ်ကိုရွေးခြယ်ရသနည်း။



## အဆစ်တု တပ်ဆင်ကုသမှု

ထိုင်ဝမ်နိုင်ငံသည်(Artificial joints) အဆစ်တုတပ်ဆင်ခြင်း နှင့်(reconstruction surgery)ပြန်လည်ထူထောင်တည်ဆောက်ပေးသည့်ခွဲစိတ်ကုသမှုများတွင်အတွေ့အကြုံကြွယ်ဝသည်။နှစ်စဉ်လူဦးရေ47,000တို့ကိုအဆစ်တပ်ဆင်လဲလှယ်ပေးသောလက်တွေ့အတွေ့အကြုံများရှိပါသည်။ minimally invasive surgery ဆိုတဲ့ထိခိုက်မှုအနည်းဆုံးသာရှိတဲ့နည်းပညာကိုအသုံးပြုသဖြင့် ဒဏ်ရာကိုတတ်နိုင်သလောက်သေးငယ်စေပြီး မြန်မြန်ဆန်ဆန်ကောင်းလာနိုင်သောအကျိုးကိုရရှိစေသည်။ တချိန်တည်းတွင်လည်းထိုင်ဝမ်နိုင်ငံ၏ဆေးကုသမှုဆိုင်ရာဇီဝပစ္စည်းများကိုအာရှလူမျိုးများ၏အဆစ်နှင့်ပိုပြီးအသုံးတည့်လာစေရန်ဖေါ်ဆောင်လျက်ရှိသည်။ ကုသမှုပိုင်းဆိုင်ရာနည်းပညာ၊နိုင်ငံတကာတွင်ကျော်ကြားမှုနှင့်ဈေးနှုန်းတို့သည်လည်း ကမ္ဘာပေါ်ရှိအခြားနိုင်ငံများနှင့်ယှဉ်လျှင်တွက်ခြေကိုက်သောအားသာချက်ရှိကြပါသည်။

## အသည်းအစားထိုးကုသမှု

ထိုင်ဝမ်သည်လက်ရှိနှစ်ပေါင်း30အတွင်း အစားထိုးကုသမှုဆိုင်ရာနည်းပညာတိုးတက်မှု၊ ကျော်လွှားမှုရှိရန်အဆက်မပြတ်ကြိုးစားရှာဖွေလျက်ရှိပါသည်။ ထိုင်ဝမ်တွင်အသည်းအစားထိုးကုသမှုခံယူသောဝေဒနာရှင်များ၏တစ်နှစ်သက်တန်းရှင်သန်မှုနှုန်းမှာ 86%ဖြစ်ပြီး ငါးနှစ်ရှင်သန်မှုနှုန်း မှာ74%ဖြစ်သည်။ သက်ရှိအသည်းအစားထိုးကုသမှုတွင်ကမ္ဘာ့အသက်ရှင်ရာနှုန်းအမြင့်ဆုံးသောနိုင်ငံအဖြစ်ဆက်လက်ထိန်းထားသည်။ အမေရိကန်နိုင်ငံ၊ ဥရောပနှင့်ဂျပန်နိုင်ငံများထက်သာလွန်ကောင်းမွန်သည်။ထိုင်ဝမ်ဆရာဝန်များသည်လည်း အာရှတိုက်အပြင်တစ်ကမ္ဘာလုံး၏ အသည်းအစားထိုးကုသမှုဆိုင်ရာစံချိန်များစွာကိုတင်ဆောင်နိုင်ခဲ့သည်။

## နှလုံးသွေးကြော ဆိုင်ရာကုသမှု

ထိုင်ဝမ်သည်အာရှနိုင်ငံများထဲတွင်နှလုံးအစားထိုးကုသမှု ပထမဦးဆုံးအောင်မြင်မှုရရှိသည့် နိုင်ငံဖြစ်ပါသည်။ ထို့အပြင်နှလုံးသွေးကြောပွန်ကွင်းထည့်သွင်းသည့်ခွဲစိတ်ကုသမှုနှင့် အထက်နှလုံးအိမ်ခုန်မြန်ခြင်းအတွက်ကြိမ်နှုန်းမြင့်ဓါတ်ကင်ကုသမှုတို့၏အောင်မြင်မှုရာခိုင်နှုန်းမှာ 99% ဖြစ်ပြီး နောက်ဆက်တွဲဆိုးကျိုး 1%အောက်သာရှိသည်။ အောင်မြင်နှုန်းမြင့်မားသည့်အပြင် ဈေးနှုန်းပိုင်းတွင်လည်း စင်ကာပူနှင့်ဟောင်ကောင်နိုင်ငံများထက်ချိုသာပါသည်။

## Da Vinci ခွဲစိတ်ကုသမှု

လက်ရှိခေတ်အမီဆုံးကုသမှုနည်းစံနစ်ကိုUrology ဆီးလမ်းကြောင်းဆိုင်ရာ၊ မီးယပ်ဆိုင်ရာ၊ သာမာန်အထွေထွေရောဂါဆိုင်ရာ၊ အူမလမ်းကြောင်းဆိုင်ရာ၊ နှလုံးဆိုင်ရာ၊ ရင်ခေါင်းဆိုင်ရာ၊ နားနခေါင်း နှင့် ဦးခေါင်းလည်ပင်းအစရှိသောခွဲစိတ်မှုတို့တွင်တွင်တွင်ကျယ်ကျယ်အသုံးပြုပြီးဖြစ်သည်။
တစ်ကမ္ဘာလုံး၌ Da Vinci ခွဲစိတ်ကုသမှုစက်ရုပ်လက်ရှိတွင်အလုံးပေါင်း 3,600 ကျော်ရှိပြီး ကမ္ဘာတစ်ဝန်းရှိဆေးရုံများတွင်ပျံ့နှံ့လျက်ရှိသည်။ ထိုအထဲမှDa Vinci ခွဲစိတ်ကုသမှုစက်ရုပ်အလုံး 30 မှာ ထိုင်ဝမ်တွင်ရှိသည်။ ၄င်းစက်ရုပ်ကို ပိုင်ဆိုင်မှုသိပ်သည်းဆမှာ အာရှတွင် အများဆုံး ဖြစ်သည်။

## မျိုးဆက်ပွားဆေးပညာ

ထိုင်ဝမ်၏မျိုးဆက်ပွားဆိုင်ရာဆေးပညာမှာ အထူးကောင်းမွန်ပြီး အဆင့်မြင့်ပါသည်။ကျွန်ုပ်တို့နိုင်ငံအတွင်းတွင်ဖန်ပြွန် IVF သန္ဓေသားတွယ်ကပ်မှု အောင်မြင်နှုန်း 36.7% ရှိပြီး မွေးဖွားနှုန်းမှာ 35.8% အထိရှိပါသည်။ အမေရိကန်နိုင်ငံနှင့်တန်းတူဖြစ်ပြီး ကနေဒါ၊ အင်္ဂလန်၊ တောင်ကိုးရီးယား၊ ဂျပန်အစရှိသောနိုင်ငံများ၏ ရှေ့ဆောင်ဖြစ်သည်။ ထိုင်ဝမ်၏မျိုးဆက်ပွားဆိုင်ရာဆေးပညာသည် နည်းပညာသစ်ရယူနိုင်မှုတွင်သော်၄င်း၊ ဆေးဝါးအသစ်ရယူနိုင်မှုတွင်သော်၄င်း ဥရောပနိုင်ငံ၊ အမေရိကန်နှင့်ထပ်တူပင်ဖြစ်သည်။ ၄င်းတို့၏ကုန်ကျစရိတ်မှာကမ္ဘာတစ်ဝန်းလုံးရှိ ပျမ်းမျှဈေးနှုန်း၏50%သာဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းလုံးနှင့် နှိုင်းယှဉ်လျှင်လည်း အမှန်တကယ်အားသာချက်များ ရှိပါသည်။

## ကင်ဆာ

လက်ရှိနှစ်ပေါင်း30အတွင်းထိုင်ဝမ်နိုင်ငံသည် ကင်ဆာရောဂါကုသရေးတွင်ထူးကဲကောင်းမွန်သောရလဒ်ရရှိထားပါသည်။ပြည်တွင်းရှိအဖွဲ့အစည်းတွင်အကောင်းဆုံးပျောက်ကင်းအောင်ကုသပေးနိုင်သောရာခိုင်နှုန်းသည်ဝေဒနာရှင်ငါးနှစ်ပိုရှင်သန်မှုနှုန်း73%ဖြစ်သည်။ အမေရိကန်၊ ဥရောပတို့၏စံချိန် 67% နှင့် အပြိုင်ယှဉ်နိုင်သည်။ ထိုအထဲတွင် ငါးနှစ်ပိုရှင်သန်မှုနှုန်းမှာ ရင်သားကင်ဆာဝေဒနာရှင်သည် 91%၊အဆုပ်ကင်ဆာ32%၊အူမလမ်းကြောင်းကင်ဆာ68%၊သိုင်းရွိုက်ကင်ဆာ99%တို့ဖြစ်ကြသည်။
ကောင်းမွန်လှသော ကုသမှုရလဒ်များမှာ ကမ္ဘာ့အဆင့်မြင့်နိုင်ငံများ၏ရှေ့ဆောင်ဖြစ်သည်။ထိုင်ဝမ်နိုင်ငံသည်ကမ္ဘာ့နောက်ဆုံးပေါ် NCCN ကင်ဆာကုသမှု၊ကုသမှုလမ်းညွှန်ချက်နှင့်တိကျသေချာသောဆေးကုသမှုနည်းဗျူဟာတို့အတိုင်းလုပ်ဆောင်ပါသည်။
ထို့အပြင်ကင်ဆာရောဂါအတွက်ပြည့်စုံလုံလောက်သောဘက်ပေါင်းစုံစောင့်ရှောက်မှုအတွေ့အကြုံနှင့်ဆေးဝါးကုသမှုအတွေ့အကြုံများစွာရှိသောကြောင့်နိုင်ငံတကာမှကင်ဆာရောဂါရှင်များအားပို၍တိကျသေချာသော၊ပို၍ခေတ်မှီသောကုသမှုဆိုင်ရာစီမံချက်များပေးဆောင်ရန်အလုံအလောက်ရှိပါသည်။

# အထူးကုသမှု

ထိုင်ဝမ်နိုင်ငံတကာဆေးကုသမှုဝက်ဘ်ဆိုက်

www.medicaltravel.org.tw

ဖုန်း +886-2-2885-1528

## Craniofacial ပြုပြင် ကုသခြင်း

ထိုင်ဝမ်နိုင်ငံတွင်အရှေ့တောင်အာရှ၏ပထမဦးဆုံးသော Craniofacial ပြန်လည်တည်ဆောက် ပြုပြင်ကုသခြင်း စင်တာတည်ရှိပါသည်။
ပြည့်စုံသော ကဏ္ဍစုံအထူးကုဆရာဝန်များနှင့် Craniofacial ပြုပြင်ကုသရေးအဖွဲ့တို့ရှိသည်။ နှုတ်ခမ်းကွဲရောဂါ ပြုပြင်ကုသအောင်မြင်မှုနှုန်းမှာ 100%ဖြစ်သည်။